## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊
တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်နှင့်
ဦးတင်အေးတို့ရှေ့တွင်

ဦးစန်းလှမောင်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ *

+ ၂၀၁၀
ဇန်နဝါရီလ
၈ ရက်

တန်ဘိုးကျသင့်ငွေ အပြေအကျေပေးပြီး ဝယ်ယူခဲ့သူအပေါ် ရင်းထံပေါင်နှံခြင်းသာဖြစ်သည်ဟု ကားရောင်းသူဘက်က တင်ပြရုံဖြင့် ထိုကားကို လက်ဝယ်ရထိုက်ခွင့်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ ဦးအောင်လှိုင်သည် ကားပြန်လည်ရရှိရန်အတွက် မန္တလေးတိုင်းတရားရုံး၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၀၅/၂၀၀၈ ဖြင့် လျှောက်ထားရာတွင် သက်သေခံကားကို ရောင်းချခြင်းမဟုတ်ကြောင်း၊ သန္တာလှိုင်က ကားနှင့်ပတ်သက်သောစာအုပ်များကို ပေးအပ်ပေါင်နှံခြင်းသာဖြစ်ကြောင်း ဖော်ပြလျှောက်ထားခဲ့သည်ကို တွေ့ရှိရသဖြင့် ဦးအောင်လှိုင်သည် သက်သေခံ န/၁၇၉၄ ကားကို

---

* ၂၀၀၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၁၇။

\+ ၂၀၀၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၄၀ (ခ) တွင် ချမှတ်သော ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့စွဲပါ တရားရုံးချုပ် (မန္တလေး) ၏ အမိန့်ကို အထူးအယူခံမှု။

သမီးဖြစ်သူက ခိုးယူသည်ဟုလည်းကောင်း၊ ပေါင်နှံသည်ဟုလည်းကောင်း အမျိုးမျိုးဖော်ပြထုချေနေသည်ကို တွေ့ရှိရသည်။

အမှုတွင်ပေါ်ပေါက်သော သက်သေခံချက်များအရ ငွေကျပ်သိန်း (၁၀၀) ဖြင့် ရောင်းချသည့် သက်သေခံကားကိုမပေးဘဲ ငွေကျပ်သိန်း (၁၀၀) ရယူခဲ့ကြသည့် သန္တာလှိုင်နှင့် စောလင်းထွန်းတို့သည် ငွေကျပ်သိန်း (၁၀၀) အား လိမ်လည်ရယူခဲ့ကြသူများဖြစ်သကဲ့သို့ ကားပိုင်ရှင် ဦးအောင်လှိုင်သည် တစ်အိမ်တည်းအတူနေ သမီးနှင့် သမက်တို့က ကားနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကိုပါရယူပြီး ကားကိုရောင်းချခြင်းအားမသိကြောင်း တင်ပြနေခြင်းအပေါ် လက်ခံရန် လွန်စွာကျိုးကြောင်းဆီလျော်မှုမရှိဟုသာ ကောက်ယူရပေမည်။

ဤအခြေအနေတွင် သက်သေခံ န/၁၇၉၄ ကားသည် လိမ်လည်မှုကိုကျူးလွန်ခြင်းနှင့် ပတ်သက်သောပစ္စည်းဖြစ်နေ၍ ယင်းပစ္စည်းကို လိမ်လည်မှုကျူးလွန်သဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ သန္တာလှိုင်နှင့် စောလင်းထွန်းတို့က လက်ဝယ်ပြန်လည်ရထိုက်ခြင်း မရှိသကဲ့သို့ ဦးအောင်လှိုင်သည်လည်း သက်သေခံကားကို ပြန်လည်ရထိုက်သူမဟုတ်ကြောင်း သုံးသပ်ရရှိသည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးကျော်မြိုင်<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံ (၁) အတွက် | - | ဦးသန်းအောင်<br>ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး |
| အယူခံတရားခံ (၂) အတွက် | - | ဦးပို<br>တရားရုံးချုပ်ရှေ့နေ |

၂၀၁၀
ဦးစန်းလှမောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

အောင်မြေသာစံမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၂၆၄၆/၂၀၀၆ တွင် တရားခံ သန္တာလှိုင်နှင့် စောလင်းထွန်းတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ အလုပ်နှင့်ထောင်ဒဏ် (၂) နှစ် စီချမှတ်ပြီး ဦးအောင်လှိုင်အား အမှုမှအပြီးအပြတ်လွှတ်ခဲ့သည်။ သက်သေခံယာဉ်အမှတ် န/၁၇၉၄ ဆန်နီပစ်ကပ်ကားအား ကိုသိန်းဝင်းဆွေသို့ ပြန်လည်ထုတ်ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ ဦးအောင်လှိုင်က သက်သေခံပစ္စည်း စီမံခန့်ခွဲသည့်အမိန့်ကို မကျေနပ်၍ မန္တလေးခရိုင်တရားရုံး၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၉/၂၀၀၈ ကိုတင်သွင်းရာ ပလပ်ခြင်းခံရသည်။ ဦးအောင်လှိုင်က မန္တလေးတိုင်းတရားရုံး၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၀၅/၂၀၀၈ ကိုတင်သွင်းရာ သက်သေခံယာဉ်အမှတ် န/၁၇၉၄ ဆန်နီပစ်ကပ်ကားအား ကိုသိန်းဝင်းဆွေသို့ ပြန်လည်ထုတ်ပေးစေရန် ချမှတ်ထားသည့် အောင်မြေသာစံမြို့နယ်တရားရုံးနှင့် မန္တလေးခရိုင်တရားရုံးတို့၏ အမိန့်ကိုပယ်ဖျက်ပြီး ဦးအောင်လှိုင်သို့ ပြန်လည်ထုတ်ပေးစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ကွယ်လွန်သူ ကိုသိန်းဝင်းဆွေ၏ဖခင် ဦးစန်းလှမောင်ကမကျေနပ်၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်)၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၄၀ (ခ)/၂၀၀၈ ကိုတင်သွင်းရာ ပလပ်ခဲ့သည်။ သို့ဖြစ်၍ ဦးစန်းလှမောင်က အထူးအယူခံဝင်ခွင့်ရရှိရန် တရားရုံးချုပ် (မန္တလေးရုံးထိုင်)၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၇၀/၂၀၀၉ ကိုတင်သွင်းရာ အောက်ဖော်ပြပါပြဿနာကို ကြားနာဆုံးဖြတ်ရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

" အမှုမှ သက်သေခံကားအမှတ် န/၁၇၉၄၊ ဆန်နီပစ်ကပ် အဖြူကို ဦးအောင်လှိုင်သို့ ပြန်လည်ထုတ်ပေးစေရန် ချမှတ်သည့် မန္တလေးတိုင်းတရားရုံး၏အမိန့်ကို အတည်ပြုခဲ့သော

၂၀၁၀
ဦးစန်းလှမောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏အမိန့်သည် အမှုတွင် ပေါ်ပေါက်သော သက်သေခံချက်များအရ ဥပဒေနှင့် ညီညွတ်မှန်ကန်မှုရှိ မရှိ”

အမှုမှာ ၂၁-၈-၂၀၀၆ ရက်နေ့ နံနက် ၉ နာရီခန့်က ကိုသိန်းဝင်းဆွေ၏နေအိမ်သို့ ကားပွဲစား ကိုအောင်အောင်နှင့် သန္တာလှိုင်တို့ရောက်လာပြီး ဆန်နီပစ်ကပ်ကားအဖြူရောင် န/၁၇၉၄ ကို ပိုင်ရှင် ဦးအောင်လှိုင်ကိုယ်တိုင် ရောင်းလိုကြောင်းပြောသဖြင့် ကားကို ငွေကျပ်သိန်း (၁၀၀) ဖြင့် အရောင်းအဝယ်တည့်ကာ အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ရောင်းချသူနေရာတွင် ဦးအောင်လှိုင်က လက်မှတ်ရေးထိုးခဲ့သည်။ ကားဘိုးငွေကျပ်သိန်း (၁၀၀) ကို မသန္တာလှိုင်ကရယူပြီး ကား၊ ကားနှင့်ပတ်သက်သော စာရွက်စာတမ်းများကို ကိုသိန်းဝင်းဆွေသို့ ပေးအပ်ခဲ့သည်။ ၂၅-၈-၀၆ ရက်နေ့တွင် မသန္တာလှိုင်၊ ခင်ပွန်း စောလင်းထွန်း၊ အမည်မသိလူငယ်တို့ ရောက်လာပြီး ဆီစာအုပ်ကို အိမ်သို့လိုက်ယူရန်နှင့် ဆီထုတ်ရန်ကားကိုပါ ယူဆောင်လာခဲ့ရန်ပြောဆိုကာ ကားကိုဆီထုတ်ပြီးမှပေးမည်ဟု ဦးအောင်လှိုင်အိမ်သို့မောင်းယူသွားပြီး ပြန်လည်ပေးအပ်ခြင်းမရှိတော့၍ သန္တာလှိုင်၊ စောလင်းထွန်းနှင့် ဦးအောင်လှိုင်တို့ကို အရေးယူပေးရန် ကိုသိန်းဝင်းဆွေက အောင်မြေသာစံမြို့နယ်၊ အမှတ် (၁) ရဲစခန်းသို့တိုင်ကြားရာမှ ပေါ်ပေါက်လာသည့်အမှုဖြစ်သည်။

အယူခံတရားလို ဦးစန်းလှမောင်၏ရှေ့နေက ဦးအောင်လှိုင်သည် မူလရုံးတရားခံ မသန္တာလှိုင်၏ဖခင်ဖြစ်ပြီး မူလရုံးတရားခံ စောလင်းထွန်းသည် မသန္တာလှိုင်၏ခင်ပွန်းဖြစ်ကာ ဦးအောင်လှိုင်၊ မသန္တာလှိုင်နှင့် စောလင်းထွန်းတို့သည် တစ်အိမ်တည်းနေထိုင်သူများဖြစ်ကြသောကြောင့် အချင်းဖြစ်ကားကို မသန္တာလှိုင်က ကိုသိန်းဝင်းဆွေအား ရောင်းချသည့်ကိစ္စကို ဦးအောင်လှိုင်ကမသိနိုင်

၂၀၁၀
ဦးစန်းလှမောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ရန် အကြောင်းမရှိကြောင်း၊ ဦးအောင်လှိုင်သည် အချင်းဖြစ်ကားကို ငင်းမသိဘဲ သန္တာလှိုင်နှင့် စောလင်းထွန်းတို့က ခိုးယူရောင်းချသည် ဟူ၍လည်းကောင်း၊ အလွဲသုံးစားပြုလုပ်သည်ဟုလည်းကောင်း အရေးယူအမှုဖွင့်လှစ်ခြင်းမရှိသဖြင့် မော်တော်ကားအရောင်းအဝယ် စာချုပ်ကို ကိုသိန်းဝင်းဆွေမှ တင်ပြနိုင်ခြင်းမရှိစေကာမူ သန္တာလှိုင် နှင့် ကိုသိန်းဝင်းဆွေတို့၏ မော်တော်ကားအရောင်းအဝယ်ကိစ္စကို ဦးအောင်လှိုင်က သဘောမတူဟု ကောက်ယူရန်အကြောင်းမပေါ် ပေါက်ကြောင်း၊ ပစ္စည်း၏ပိုင်ရှင်က သဘောတူပါလျက် မသိကျိုးကျွံ ပြု၍ တစ်ပါးသူအားရောင်းချစေပြီးနောက် ပြဿနာပေါ်၍ အမှု အခင်းဖြစ်ပြီးနောက် ပစ္စည်းပိုင်ရှင်ဆိုသူအား ပစ္စည်းကို ပြန်လည်ပေး အပ်စေလျှင် မမှန်မကန်ဆောင်ရွက်သူများအား မတရားအကျိုးစီးပွား ရရှိစေမည်ဖြစ်ကြောင်းနှင့် အချင်းဖြစ်ကားကို ဦးအောင်လှိုင်သို့ ပြန်လည်ပေးခဲ့သည့် မန္တလေးတိုင်းတရားရုံးနှင့် တရားရုံးချုပ် (မန္တလေး ရုံးထိုင်) အမိန့်တို့အားပယ်ဖျက်၍ ကိုသိန်းဝင်းဆွေအား အချင်းဖြစ် ကားကို ပြန်လည်ပေးခဲ့သည့် အောင်မြေသာစံမြို့နယ်တရားရုံးနှင့် မန္တလေးခရိုင်တရားရုံးတို့၏အမိန့်များကို အတည်ပြုပေးပါရန် လျှောက်လဲသည်။

အယူခံတရားခံ ဦးအောင်လှိုင်၏ရှေ့နေက အချင်းဖြစ်ကား န/၁၇၉၄ ဆန်နီပစ်ကပ်ကား၏ မှတ်ပုံတင်စာအုပ်၊ အာမခံစာအုပ်၊ ဆီစာအုပ်တို့တွင် ဦးအောင်လှိုင်အမည်ပေါက်ကြောင်း၊ သန္တာလှိုင် နှင့် စောလင်းထွန်းတို့ ပြစ်မှုကျူးလွန်ရာတွင် ဦးအောင်လှိုင်ပါဝင် ကြောင်း (သို့) အားပေးကူညီမှုပြုကြောင်း တရားလိုဘက်က အထောက်အထား ခိုင်မာစွာတင်ပြနိုင်ခြင်းမရှိကြောင်း၊ သက်သေခံ ကားကို ရှာဖွေပုံစံ (သက်သေခံ-ဃ) ဖြင့် ဦးအောင်လှိုင်က ပေးအပ် ထားခြင်းဖြစ်သောကြောင့် သက်သေခံကားကို ကိုသိန်းဝင်းဆွေသို့

၂၀၁၀
ဦးစန်းလှမောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ပြန်လည်ထုတ်ပေးသည့် မူလတရားရုံးနှင့် ခရိုင်တရားရုံးတို့၏ အမိန့်ကိုပယ်ဖျက်ပြီး ဦးအောင်လှိုင်သို့ ပြန်လည်ထုတ်ပေးစေရန် ပြင်ဆင်ချမှတ်ခဲ့သော မန္တလေးတိုင်းတရားရုံးနှင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) တို့၏အမိန့်သည် မှန်ကန်ပြီး ဥပဒေနှင့်ညီညွတ်သောကြောင့် အထူးအယူခံမှုကို ပလပ်သင့်ကြောင်း လျှောက်လဲသည်။

ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးက အမှုတွင် ဦးအောင်လှိုင်အမည်ပေါက်ပိုင်ဆိုင်သည့်ကားကို ဦးအောင်လှိုင်၏ခွင့်ပြုချက်မရှိဘဲ သန္တာလှိုင်နှင့် စောလင်းထွန်းတို့က အလွဲသုံးစားပြုပြီး လိမ်လည်ရောင်းချခဲ့သဖြင့် ကိုသိန်းဝင်းဆွေသည် အလွဲသုံးစားပြုပြီး ရယူထားသည့်ပစ္စည်းကို ဝယ်ယူထားခြင်းဖြစ်၍ သက်သေခံပစ္စည်းရရှိရေးကို အရေးဆိုနိုင်မည်မဟုတ်ကြောင်း၊ ဦးအောင်လှိုင်အား ပြစ်မှုကျူးလွန်ခြင်းမရှိကြောင်းသုံးသပ်ပြီး အမှုမှအပြီးအပြတ်လွှတ်ထားပြီးဖြစ်၍ ပစ္စည်းပေးအပ်သူ ဦးအောင်လှိုင်ကိုသာ သက်သေခံကားကို ပြန်လည်ပေးအပ်သင့်ကြောင်း၊ သက်သေခံပစ္စည်းကို ဦးအောင်လှိုင်သို့ ပြန်လည်ပေးအပ်စေရန် ချမှတ်ခဲ့သော တိုင်းတရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုသော တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်သည် ဥပဒေနှင့်ညီညွတ်သောကြောင့် အထူးအယူခံမှုအား ပလပ်သင့်ကြောင်း လျှောက်လဲသည်။

ဤအမှုတွင် ကိုသိန်းဝင်းဆွေ (လိုပြ-၁) က ၂၁-၈-၂၀၀၆ ရက်နေ့တွင် ဦးအောင်လှိုင်အမည်ပေါက်ပိုင်ဆိုင်သည့် န/၁၇၉၄ ကားကို ကျပ်သိန်း (၁၀၀) နှင့်ရောင်းချလိုကြောင်း ဦးအောင်လှိုင်၏ သမီး သန္တာလှိုင်၊ သမက် စောလင်းထွန်းနှင့် ကားပွဲစား ဦးအောင်အောင် (လိုပြ-၃) တို့က မူလရုံးတရားလို ကိုသိန်းဝင်းဆွေ (လိုပြ-၁) ထံသို့ လာရောက်ပြောကြားသဖြင့် ကားအရောင်းအဝယ်စာချုပ်တွင် ဦးအောင်လှိုင်လက်မှတ်ရေးထိုးပြီး ကျပ်သိန်း (၁၀၀) ဖြင့် န/၁၇၉၄

ဆန်နီပစ်ကပ်ကားကို ဝယ်ယူခဲ့ကြောင်း၊ ဝယ်ယူသည့်နေ့က ဆီစာအုပ်မှလွဲ၍ န/၁၇၉၄ ကားအပါအဝင် ကားနှင့်ပတ်သက်သော စာရွက်စာတမ်းများကိုလည်း ရရှိခဲ့ကြောင်း၊ ၂၅-၈-၂၀၀၆ ရက်နေ့တွင် စောလင်းထွန်းသည် န/၁၇၉၄ ကားကို ဆီထုတ်ရန်ယူဆောင်သွားပြီး လာရောက်ပြန်မပေးသဖြင့် သွားရောက်ရယူရာ ဦးအောင်လှိုင်က ကားကို ၎င်း၏သမီးသန္တာလှိုင်က ခိုးယူသွားခြင်းဖြစ်ကြောင်းပြောပြီး ကားကိုပြန်လည်မပေးဘဲ ရယူထားခဲ့ကြောင်း ထွက်ဆိုခဲ့သည်။ သန္တာလှိုင်သည် ကိုသိန်းဝင်းဆွေထံမှ ငွေကျပ်သိန်း (၁၀၀) လက်ခံရယူခဲ့ကြောင်း ထင်ရှားပေါ်ပေါက်သည်။

မူလရုံးတရားခံ သန္တာလှိုင်နှင့် စောလင်းထွန်းတို့က အချင်းဖြစ်ကားနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကိုသိန်းဝင်းဆွေထံ အပ်နှံပြီး ငွေကျပ်သိန်း (၁၀၀) ဖြင့် ပေါင်နှံခြင်းသာဖြစ်ကြောင်း ထုချေခဲ့သည်။ သို့သော် ဦးအောင်လှိုင်က သန္တာလှိုင်နှင့် စောလင်းထွန်းတို့အပေါ် ခိုးမှုဖြင့်သော်လည်းကောင်း၊ အလွဲသုံးစားမှုဖြင့်သော်လည်းကောင်း တရားစွဲဆို အရေးယူခဲ့ခြင်းမရှိကြောင်း တွေ့ရသည်။

ဦးအောင်လှိုင်သည် ကားပြန်လည်ရရှိရန်အတွက် မန္တလေးတိုင်းတရားရုံး၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၀၅/၂၀၀၈ ဖြင့် လျှောက်ထားရာတွင် သက်သေခံကားကို ရောင်းချခြင်းမဟုတ်ကြောင်း၊ သန္တာလှိုင်က ကားနှင့်ပတ်သက်သော စာအုပ်များကို ပေးအပ်ပေါင်နှံခြင်းသာဖြစ်ကြောင်း၊ ဖော်ပြလျှောက်ထားခဲ့သည်ကို တွေ့ရှိရသဖြင့် ဦးအောင်လှိုင်သည် သက်သေခံ န/၁၇၉၄ ကားကို သမီးဖြစ်သူက ခိုးယူသည်ဟုလည်းကောင်း၊ ပေါင်နှံသည်ဟုလည်းကောင်း အမျိုးမျိုးဖော်ပြထုချေနေသည်ကို တွေ့ရှိရသည်။

မူလရုံးတရားလိုက ကားအရောင်းအဝယ်စာချုပ်ကို သန္တာလှိုင်က ၎င်းမသိအောင်ရယူသွားပြီး ဖျောက်ဖျက်ခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

မဟာဗေဒယျာပုံရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးဝင်းမောင် (လိုပြ-၄) ကလည်း ထောက်ခံထွက်ဆိုထားသည်။

ဤအမှုတွင် န/၁၇၉၄ ကားအရောင်းအဝယ်စာချုပ်ကိုသော်လည်းကောင်း၊ အပေါင်စာချုပ်ကိုသော်လည်းကောင်း တင်ပြထားခြင်းမရှိကြောင်း တွေ့ရှိရသည်။ ကားအရောင်းအဝယ်စာချုပ် (သို့) ကားအပေါင်စာချုပ်တည်ရှိနေပါက စာချုပ်ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလျှင် တရားစွဲဆိုအရေးယူခံရမည်သူသည် ကားပိုင်ရှင် ဦးအောင်လှိုင်၏သမီး သန္တာလှိုင်၊ သမက်ဖြစ်သူစောလင်းထွန်းနှင့် ဦးအောင်လှိုင်တို့ဖြစ်သည်။ သို့ဖြစ်၍ အရေးယူဆောင်ရွက်ခြင်းမပြုနိုင်စေရန် ယင်းစာချုပ်အားဖျောက်ဖျက်မည့်သူသည် သန္တာလှိုင်တို့ဘက်မှဖြစ်နိုင်ပေသည်။ သို့ဖြစ်ရာ ကားအရောင်းအဝယ်စာချုပ်ကို သန္တာလှိုင်ကဖျောက်ဖျက်ခဲ့ကြောင်း မူလရုံးတရားလိုဘက်မှ တင်ပြချက်သည် မှန်ကန်သည်ဟု ယုံကြည်လက်ခံနိုင်သည်။

အမှုတွင် န/၁၇၉၄ ကားကို ငွေကျပ်သိန်း (၁၀၀) နှင့် ကိုသိန်းဝင်းဆွေထံရောင်းချသည့် အရောင်းစာချုပ်တွင် ဦးအောင်လှိုင်က လက်မှတ်ရေးထိုးခြင်း၊ သက်သေခံကားနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများနှင့် ကားကို သန္တာလှိုင်က ကိုသိန်းဝင်းဆွေထံပေးအပ်ခဲ့ပြီး ငွေကျပ်သိန်း (၁၀၀) ကို သန္တာလှိုင်သည် ကိုသိန်းဝင်းဆွေထံမှ ရယူခဲ့ခြင်း၊ ကားအရောင်းစာချုပ်ကို သန္တာလှိုင်က ဖျောက်ဖျက်ပစ်ခြင်း၊ စောလင်းထွန်းသည် ဦးအောင်လှိုင်နှင့် တစ်အိမ်တည်းအတူနေထိုင်ကြသည့် ဦးအောင်လှိုင်၏သမီးနှင့် သမက်ဖြစ်ခြင်းတို့ ထင်ရှားပေါ်ပေါက်နေပေရာ န/၁၇၉၄ ကားကို ပိုင်ရှင်ဖြစ်သူ ဦးအောင်လှိုင်မသိဘဲ ဦးအောင်လှိုင်၏သမီး သန္တာလှိုင်နှင့် သမက်ဖြစ်သူစောလင်းထွန်းတို့က ကိုသိန်းဝင်းဆွေသို့ ရောင်းချခြင်းဖြစ်သည်ဟုကောက်ယူခြင်းမပြုနိုင်ပေ။

အမှုတွင်ပေါ်ပေါက်သော သက်သေခံချက်များအရ ငွေကျပ်သိန်း (၁၀၀) ဖြင့် ရောင်းချသည့် သက်သေခံကားကိုမပေးဘဲ ငွေကျပ်သိန်း (၁၀၀) ရယူခဲ့ကြသည့် သန္တာလှိုင်နှင့် စောလင်းထွန်းတို့သည် ငွေကျပ်သိန်း (၁၀၀) အား လိမ်လည်ရယူခဲ့ကြသူများဖြစ်သကဲ့သို့ ကားပိုင်ရှင် ဦးအောင်လှိုင်သည် တစ်အိမ်တည်းအတူနေသမီးနှင့် သမက်တို့က ကားနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကိုပါရယူပြီး ကားကိုရောင်းချခြင်းအားမသိကြောင်း တင်ပြနေခြင်းအပေါ် လက်ခံရန် လွန်စွာကျိုးကြောင်းဆီလျော်မှုမရှိဟုသာ ကောက်ယူရ ပေမည်။

ဤအခြေအနေတွင် သက်သေခံ န/၁၇၉၄ ကားသည် လိမ်လည်မှုကိုကျူးလွန်ခြင်းနှင့်ပတ်သက်သော ပစ္စည်းဖြစ်နေ၍ ယင်းပစ္စည်းကို လိမ်လည်မှုကျူးလွန်သဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ သန္တာလှိုင်နှင့် စောလင်းထွန်းတို့က လက်ဝယ်ပြန်လည်ရထိုက်ခြင်း မရှိသကဲ့သို့ ဦးအောင်လှိုင်သည်လည်း သက်သေခံကားကို ပြန်လည် ရထိုက်သူမဟုတ်ကြောင်း သုံးသပ်ရရှိသည်။

ထို့ကြောင့် ဤအထူးအယူခံမှုအား ခွင့်ပြုသည်။ သက်သေခံကား အမှတ် န/၁၇၉၄ ဆန်နီပစ်ကပ်အဖြူကို ဦးအောင်လှိုင်သို့ ပြန်လည် ထုတ်ပေးစေရန် ချမှတ်ခဲ့သည့် မန္တလေးတိုင်းတရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သော တရားရုံးချုပ်·(မန္တလေးရုံးထိုင်) ၏ အမိန့်သည် အမှုတွင်ပေါ်ပေါက်သည့် သက်သေခံချက်များအရ ဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်းဖြေဆို၍ တရားရုံးချုပ် (မန္တလေး ရုံးထိုင်) ၏အမိန့်ကို ပယ်ဖျက်လိုက်သည်။ သက်သေခံကားအမှတ် န/၁၇၉၄ အား ကားနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့်အတူ အယူခံတရားလို ဦးစန်းလှမောင် (ကွယ်လွန်သူ ကိုသိန်းဝင်းဆွေ၏ ဖခင်) သို့ ပြန်လည်ပေးအပ်စေရန် အမိန့်ချမှတ်လိုက်သည်။